


# PRUFlexiprotect CI1

ဒို့တွေတကယ် ကျန်းမာကောင်းမွန်တဲ့ဘဝတွေကို ဖန်တီးပေးနေပါတယ်။

အဖွဲ့အစည်းများအတွက် ပြည့်စုံကောင်းမွန်သည့် အပြင်းအထန်နာမကျန်းမှု အကာအကွယ် အာမခံအစီအစဉ်

**PRUFlexiprotect CI1** က အပြင်းအထန်နာမကျန်းမှု အကာအကွယ်ပေးနိုင်တဲ့ စုပေါင်းအာမခံအမျိုးအစားတစ်ခု ဖြစ်ပါတယ်။ စုပေါင်းအာမခံကို ဝယ်ယူထားတဲ့ အဖွဲ့ဝင်တွေက လုပ်ငန်းအဖွဲ့အစည်းတစ်ခုရဲ့ဝန်ထမ်းများ ဖြစ်နိုင်သလို လူမှုအဖွဲ့အစည်းတစ်ခုရဲ့ အဖွဲ့ဝင်များ သို့မဟုတ် ငွေချေးသူအုပ်စုလည်း ဖြစ်နိုင်ပါတယ်။ ဒီအာမခံကို ဝယ်ယူနိုင်ဖို့ အဖွဲ့အစည်းမှာအနည်းဆုံး အဖွဲ့ဝင် (၅) ယောက်ရှိနေဖို့ လိုအပ်ပါတယ်။

**တစ်နှစ်ကြာ** သက်တမ်းရှိ အာမခံအကာအကွယ်

**အသက် ၆၅နှစ်အထိ** အလွယ်တကူ သက်တမ်းတိုးနိုင်ခြင်း။

အပြင်းအထန်နာမကျန်းမှုဖြစ်ပေါ်ခဲ့လျှင် ရရှိနိုင်မည့် နစ်နာကြေး အကျိုးခံစားခွင့်ကို တစ်ပေါင်းတစ်စည်းတည်း ရရှိနိုင်ခြင်း၊ အပြင်းအထန်နာမကျန်းမှု ဖြစ်ပေါ်ချိန်မှာ ငွေကြေးဆိုင်ရာလုံခြုံရေးကို ထောက်ပံ့ပေးထားပါတယ်။

ဆွဲဆောင်ခြင်း

ထိန်းသိမ်းထားခြင်း

အာမခံချက်ရှိခြင်း

## ထပ်ဆောင်း ငွေကြေးဆိုင်ရာလုံခြုံရေးကိုလည်း ထောက်ပံ့ပေးထားပါတယ်။

**PRUFlexiprotect CI1** က အာမခံထားသူတွေကို အပြင်းအထန်နာမကျန်းဖြစ်မှုကြောင့် ဝင်ငွေထိခိုက်မှုများမှ ကာကွယ်ပေးနိုင်ပါသည်။ အာမခံထားသူတွေအနေနှင့် မြန်မာငွေ (၅၀,၀၀၀) ကျပ်မှ စတင်ပြီး အာမခံအစီအစဉ်ကို ဝယ်ယူနိုင်ပါသည်။ အလုပ်ရှင်နှင့်ဝန်ထမ်း ဆက်ဆံရေးတွင်လည်း မိမိကုမ္ပဏီမှ ဝန်ထမ်းများကို ဂရုစိုက်ကြောင်းပြသနိုင်ပြီး အရည်အချင်းရှိဝန်ထမ်းတွေကို ဆွဲဆောင်ထိန်းသိမ်းထားနိုင်ဖို့ရာအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်နေမည်ဖြစ်သည်။

## အပြင်းအထန်နာမကျန်းမှု ရောဂါအမျိုးအစားများစွာအတွက် ကာကွယ်ပေးပါတယ်။

အာမခံဝယ်ယူထားသူအနေဖြင့် ယခုအာမခံအကာအကွယ်အတွက် အကျုံးဝင်သော အပြင်းအထန်နာမကျန်းမှု ရောဂါ အမျိုးအစားပေါင်း (၂၀) အနက် ရောဂါတစ်မျိုးမျိုးကြောင့် ဆေးကုသမှုခံယူရပါက ဆေးကုသစရိတ်အဖြစ် ငွေကြေးထောက်ပံ့ပေးသွားမည့် အကျိုးခံစားခွင့် ပါဝင်ပါသည်။ အသက်အာမခံ ဝယ်ယူထားသူမှ အောက်ဖော်ပြပါ အပြင်းအထန်နာမကျန်းမှု ရောဂါများ၏ အစောပိုင်းအဆင့်ကို လိုင်စင်ရဆရာဝန်က စစ်ဆေးတွေ့ရှိပါက အာမခံထားရှိငွေ၏ (၂၅) ရာခိုင်နှုန်းနှင့်အောက် အထိ ရရှိနိုင်မည်ဖြစ်ပြီး ရောဂါကုသမှုနှောင်းပိုင်းတွင် ယခုအကျိုးခံစားခွင့်၏ အာမခံထားရှိငွေ (၁၀၀) ရာခိုင်နှုန်း သို့မဟုတ် ကုသမှု အစောပိုင်း တွင် နစ်နာကြေးရယူပြီးပါက ကျန်ရှိသည့် (၇၅) ရာခိုင်နှုန်းကို ပေးအပ်သွားမည်ဖြစ်သည်။



### အစောပိုင်းအဆင့် အပြင်းအထန် နာမကျန်းဖြစ်ခြင်း
### Early Stage Critical Illness

- ကင်ဆာအစောပိုင်းအဆင့် - ကင်ဆာဆဲလ်စတင်ပြန့်ပွားချိန်နှင့် သတ်မှတ်ထားသော ကိုယ်တွင်းအင်္ဂါများ၏ ကင်ဆာအစောပိုင်းအဆင့်(Early stage cancer)
- Defibrillator(သို့မဟုတ်) နှလုံးခုန်စက် ထည့်ခြင်း -Insertion of a permanent cardiac pacemaker or defibrillator
- နှလုံးသွေးကြောပိတ်ခြင်း (Coronary Angioplasty)
- လည်ပင်းသွေးကြောခွဲစိတ်မှု (Carotid Artery Surgery)
- ဦးနှောက်သွေးကြောပေါက်၍ ခွဲစိတ်ခြင်း (Cerebral Aneurysm Surgery)
- အသည်းအစိတ်အပိုင်းကို ဖယ်ရှားခွဲစိတ်ခြင်း (Partial surgical removal of the liver)
- အဆုတ်တစ်ခြမ်း ဖယ်ရှားခွဲစိတ်ခြင်း (Surgical removal of one Lung )
- ကျောက်ကပ်တစ်ခြမ်း ဖယ်ရှားခွဲစိတ်ခြင်း (Surgical removal of one kidney)
- သွေးလွှတ်ကြော အသေးစားခွဲစိတ်ခြင်း (Minimally invasive surgery to aorta)
- အူသိမ်အူမ အစားထိုးခွဲစိတ်ခြင်း (Small Bowel Transplant)


### နောက်ဆုံးအဆင့် အပြင်းအထန် နာမကျန်းဖြစ်ခြင်း
### Late Stage Critical Illness

- ပြင်းထန်သည့်ကင်ဆာရောဂါ(Major Cancers)
- သတ်မှတ်ထားသော ပြင်းထန်သည့် နှလုံးဖောက်မှု (Heart Attack of Specified Severity)
- နှလုံးသွေးကြော လမ်းကြောင်းလွှဲခြင်း (Coronary Artery By-pass Surgery )
- အာရုံကြော ထာဝစဉ်ထိခိုက်ပြီး လေဖြတ်ခြင်း (Stoke with Permanent Neurological Deficit )
- အသည်း လုံးဝပျက်စီးခြင်း (End Stage Liver Failure)
- အဆုတ် လုံးဝပျက်စီးသည့်ရောဂါ (End Stage Lung Disease)
- ကျောက်ကပ်ပျက်စီးခြင်း (Kidney Failure )
- ရင်ခေါင်းဖွင့်၍ ပင်မသွေးလွှတ်ကြော ခွဲစိတ်ခြင်း (Open Chest Surgery to Aorta )
- ရင်ခေါင်းဖွင့်၍ နှလုံးအဆို့ရှင် ခွဲစိတ်ခြင်း (Open Chest Heart Valve Surgery)
- အဓိက အင်္ဂါများအစားထိုးကုသခြင်း (Major Organ Transplant)

မှတ်ချက် - အထက်ပါရောဂါများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ပြည့်ပြည့်စုံစုံ သိရှိလိုပါက ပရူဒန်ရှယ်အာမခံ၏အရောင်းကိုယ်စားလှယ်များအား မေးမြန်းနိုင်ပါသည်။

## **PRU**Flexiprotect CI1 အာမခံအစီအစဉ် ဥပမာ -

| | |
|---|---|
| အပြင်းအထန်နာမကျန်းမှု အကာအကွယ်အတွက် အာမခံထားမည့် ပမာဏ (အပြင်းအထန်နာမကျန်းမှုဖြစ်ပေါ်ခဲ့လျှင် ရရှိနိုင်မည့်အကျိုးခံစားခွင့်) | မြန်မာငွေ (၁၀,၀၀၀,၀၀၀) ကျပ် |
| အပြင်းအထန်နာမကျန်းမှု အကာအကွယ်အတွက် အကျိုးခံစားခွင့် (ရောဂါ အစောပိုင်းအဆင့်) မြန်မာငွေ(၁၀,၀၀၀,၀၀၀)ကျပ်၏ ၂၅% | မြန်မာငွေ(၂,၅၀၀,၀၀၀)ကျပ် |
| အပြင်းအထန်နာမကျန်းမှုအကာအကွယ်အတွက် အကျိုးခံစားခွင့် (ရောဂါ နှောင်းပိုင်းအဆင့်) မြန်မာငွေ (၁၀,၀၀၀,၀၀၀)ကျပ် - မြန်မာငွေ (၂,၅၀၀,၀၀၀) ကျပ် (ကြိုတင်ပေးအပ်ခဲ့သော ရောဂါအစောပိုင်းအဆင့် အကျိုးခံစားခွင့်) | မြန်မာငွေ (၇,၅၀၀,၀၀၀) ကျပ် |
| ပေါ်လစီသက်တမ်း (ပေးဆောင်ရမည့် အချိန်ကာလ) | တစ်နှစ် |
| အသက် | ၃၃ နှစ် (နောင်လာမည့်မွေးနေ့ရက်မတိုင်ခင်) |
| နှစ်စဉ် ပရီမီယံကြေး | မြန်မာငွေ (၈၃,၁၆၀) ကျပ် |




## အာမခံဝန်ဆောင်မှု မဝယ်ယူခင် သိထားသင့်သောအချက်များ

- **ရှိရင်းစွဲရောဂါအခြေအနေများ** - အာမခံဝန်ဆောင်မှု မဝယ်ယူခင် ဖြစ်ပေါ်ခဲ့ပြီး/ရှိနှင့်ပြီးသော ကျန်းမာရေးအခြေအနေများ၊ ထိခိုက်ဒဏ်ရာများ နှင့် ဖျားနာခြင်းများသည် အပြင်းအထန် နာမကျန်းမှုအတွက် ရရှိနိုင်မည့် အကျိုးခံစားခွင့်အဖြစ် အကျုံးဝင်ခြင်းမရှိပါ။

- **စောင့်ဆိုင်းကာလ** - ယခုအာမခံဝန်ဆောင်မှုတွင် အကျုံးဝင်သော အပြင်းအထန် နာမကျန်းမှု အတွက် ရရှိနိုင်မည့် အကျိုးခံစားခွင့်သည် အာမခံပေါ်လစီ စတင် သက်ရောက် သည့်နေ့မှစ၍ ပြက္ခဒိန် ရက်ပေါင်း (၉၀) ကျော်လျှင် စတင်သက်ရောက်မှုရှိမည်ဖြစ်သည်။

- **ကျန်းမာရေးကောင်းမွန်စွာ နေထိုင်ရမယ့်ကာလ** - အာမခံထားရှိသူသည် အပြင်းအထန်နာမကျန်းမှုအတွက် ရရှိနိုင်မည့် အကျိုးခံစားခွင့်များရရှိနိုင်ရန် ဆေးကုသမှုခံယူထားသည့်နေ့မှစ၍ ပြက္ခဒိန် ရက်ပေါင်း(၁၄) ရက်အတွင်း ကျန်းမာရေး ကောင်းမွန်စွာနေထိုင်ရမည်ဖြစ်သည်။

- **အာမခံဝန်ဆောင်မှုအတွက် အကျုံးမဝင်သည့်အချက်များ** - သင်၏ **PRU**Flexiprotect CI1 ပါ အပြင်းအထန်နာမကျန်းဖြစ်မှု ရောဂါအစောပိုင်းအဆင့်နှင့် သို့မဟုတ် ရောဂါနောက်ဆုံးအဆင့်အတွက် အကျိုးခံစားခွင့် ရာနှုန်းပြည့်နှစ်နာကြေးပမာဏ ရရှိနိုင်သည့်အပေါ် အကျိုးသက်ရောက်မှုရှိနိုင်သည့် အခြေအနေများလည်း ရှိနိုင်ပါသည်။
ဥပမာ - အပြင်းအထန် နာမကျန်းမှု အတွက် အကျုံးမဝင်သော အချက်များ - အာမခံပေါ်လစီ စတင်သည့်နေ့ရက် သို့မဟုတ် အာမခံပယ်ဖျက်ပြီးနောက် ပြန်လည်ထည့်သွင်းသည့် နေ့ရက် သို့မဟုတ် အကျိုးခံစားခွင့်၏ အကျိုးသက်ရောက် သည့်နေ့ရက် မတိုင်မီ ဖြစ်ပေါ်ခဲ့ပြီး ရှိခဲ့ပြီးသော ရောဂါအခြေအနေများနှင့် ထိုကာလနောက်ပိုင်းတွင် ပရူဒန်ရှယ်အာမခံအား အသိမပေးထားသော/ပရူဒန်ရှယ်အာမခံက လက်ခံထားခြင်းမရှိသော ရှိရင်းစွဲရောဂါအခြေအနေများသည် အကျုံးမဝင်ပါ။
အာမခံဝန်ဆောင်မှု အကျုံးမဝင်သည့် အသေးစိတ်အချက်အလက်များကို သင်၏သက်ဆိုင်ရာ အာမခံဝန်ဆောင်မှုအရောင်းကိုယ်စားလှယ်ထံ ဆက်သွယ်မေးမြန်းနိုင်မည် ဖြစ်ပါသည်။

- **အာမခံဝယ်ယူနိုင်ရန် သတ်မှတ်ချက် ပြည့်မီခြင်း ရှိမရှိ စစ်ဆေးခြင်း** - အာမခံအကာအကွယ် မဝယ်ယူခင် အဖွဲ့ဝင်များအနေဖြင့် အာမခံဝယ်ယူနိုင်ရန် သတ်မှတ်ချက် ပြည့်မီခြင်း ရှိမရှိ စစ်ဆေးသည့် လျှောက်လွှာပုံစံဖြည့်ရန်အတွက် လိုအပ်သော ကျန်းမာရေးနှင့်ကိုယ်လက်အင်္ဂါကောင်းမွန်ကြောင်း အထောက်အထား နှင့်/သို့မဟုတ် အလုံးစုံ ကျန်းမာရေးစစ်ဆေးမှုခံယူရန် လိုအပ်ပါသည်။ အဆိုပါ လုပ်ငန်းစဉ်များသည် အာမခံထားရှိမည့်ငွေပမာဏ၊ အသက်အရွယ်၊ အလုပ်အကိုင် သို့မဟုတ် အဖွဲ့ဝင်အနေနှင့် ဆေးခွင့်တင်ထားခြင်း ရှိမရှိ အပေါ်တွင် မူတည်ပါသည်။

- **ငြင်းဆိုပိုင်ခွင့်မရှိခြင်း** - ပရီမီယံကြေးများပေးသွင်းမှု မရှိခြင်း သို့မဟုတ် မြန်မာနိုင်ငံရှိ ဥပဒေ/ တရားစီရင်ရေးအရ အသိအမှတ်ပြုထားသော အချက်များကြောင့်မှလွဲ၍ ကုမ္ပဏီသည် အာမခံထားသူ သက်ရှိထင်ရှားရှိစဉ် ဤပေါ်လစီကို ပေးအပ်သည့် ရက်စွဲမှ သို့မဟုတ် ပေါ်လစီအား ပြန်လည်တည်မြဲစေသည့် ရက်စွဲမှစ၍ နှစ် (၂) နှစ်တာ ကာလအတွင်း အတည်ဖြစ်သော ပေါ်လစီနှင့်စပ်လျဉ်း၍ တောင်းဆိုမှုကို ကုမ္ပဏီက ငြင်းပယ်ခွင့်မရှိပါ။

- **သက်တမ်းတိုးနိုင်ခြင်း** - ဤပေါ်လစီအား သက်တမ်းတိုးမြှင့်လိုပါက သက်တမ်းတိုးမြှင့်မည့်အချိန်၌ တည်ဆဲဖြစ်သော ကုမ္ပဏီ၏ ပရီမီယံနှုန်းထားဖြင့် သက်တမ်းတိုးမြှင့်မှုကို စတင်ခွင့်ပြုသည့်ရက်စွဲတွင် ပရီမီယံကြေးပေးချေ၍ နောင်လာမည့် ဆက်တိုက် ကာလများအတွက် ပေါ်လစီ သက်တမ်းအား တိုးမြှင့်နိုင်ပါသည်။ သို့ရာတွင် ကုမ္ပဏီသည် ပေါ်လစီအား သက်တမ်း မတိုးမြှင့်လိုကြောင်း သို့မဟုတ် သက်တမ်းတိုးမြှင့်သည့်အခါ ကန့်သတ်ချက်များ လျှော့ချခြင်း၊ ပရီမီယံကြေး တိုးမြှင့်ခြင်း သို့မဟုတ် အာမခံ အကာအကွယ်အား ပယ်ဖျက်ခြင်းကဲ့သို့ စည်းကမ်းချက်များ သတ်မှတ်လိုကြောင်း ၎င်း၏ဆန္ဒကို ဖော်ပြလျက် အဆိုလွှာ၌ ဖော်ပြထားသော ပေါ်လစီရှင်၏ လိပ်စာသို့ပေးပို့၍ ပြက္ခဒိန် ရက်ပေါင်း (၄၅) ရက် ကြိုတင် အကြောင်းကြားခြင်းဖြင့် ပေါ်လစီနှစ်ပတ်လည် ရက်တိုင်းတွင် ဤပေါ်လစီအား သက်တမ်းတိုးမြှင့်ခြင်းကို ငြင်းပယ်ပိုင်ခွင့်ရှိပါသည်။ ကုမ္ပဏီသည် ပရီမီယံကြေးများအား လက်ခံပါက ပေါ်လစီသက်တမ်း တိုးမြှင့်ခြင်းကိုလက်ခံခြင်း ဖြစ်သည်။ ဤပေါ်လစီတွင် ဖော်ပြထားသည့်အတိုင်း သက်တမ်းတိုးမြှင့်ခြင်းကို မဆောင်ရွက်ပါက ပေးချေရန် အချိန်စေ့ရောက်နေသော ပေးဆောင်ခြင်းမရှိသည့် ပရီမီယံများအတွက် အပိုရက်ကာလ ကုန်ဆုံးသည့်အခါ ပေါ်လစီကို ရပ်စဲပါမည်။
ဤအာမခံအစီအစဉ်သည် သင့်လိုအပ်ချက်နှင့် မကိုက်ညီတော့လျှင် ပေါ်လစီရှင်သည် နောက်လာမည့် အကျိုးခံစားခွင့် သက်တမ်းအတွက် သက်တမ်းတိုးပေးချေရမည့် ပရီမီယံကြေးကို မပေးချေခြင်းအား ရွေးချယ်နိုင်ပြီး သင်၏ အာမခံအကာအကွယ်သည်လည်း ပျက်ပြယ်သွားလိမ့်မည်ဖြစ်သည်။

## ၂၁ - ရက် စောင့်ကြည့်ကာလ

သင့်အနေနှင့် အာမခံပေါ်လစီကို လက်ခံရရှိသည့်အချိန်မှစ၍ (၂၁) ရက် အတွင်း ပေါ်လစီပါအချက်အလက်နှင့် အကျိုးခံစားခွင့်၊ ကန့်သတ်ချက်များအကြောင်း အသေးစိတ် ဖတ်ရှုလေ့လာနိုင်ပါသည်။ အဆိုပါကာလအတွင်း ပေါ်လစီပါ အချက်အလက်များက သင့်လိုအပ်ချက်များနှင့် ကိုက်ညီမှုမရှိပါက ပေါ်လစီကို ပယ်ဖျက်နိုင်မည်ဖြစ်သည်။ အဆိုပါကာလအတွင်း စောင့်ကြည့်ကာလလျှောက်လွှာပုံစံတွင် အချက်အလက်ဖြည့်သွင်းပြီး တင်သွင်းခဲ့ပါက ပရီမီယံကြေးစုစုပေါင်းထဲမှ ကျန်းမာရေးစစ်ဆေးသည့် ကုန်ကျစရိတ် တစ်စုံတစ်ရာရှိပါက ထိုကုန်ကျစရိတ်ကို နုတ်ပြီး ပြန်လည်ပေးချေသွားမည်ဖြစ်သည်။



**Prudential Myanmar Life Insurance Limited**

# 15-01, 15th Floor, Sule Square, 221 Sule Pagoda Road,
Kyauktada Township,Yangon, Myanmar.
Customer service Hotline : 09770110010
www.prudential.com.mm
www.facebook.com/prudentialmyanmarlifeinsurance

PRUDENTIAL
ပရူဒန်ရှယ် အာမခံ